EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

အမှတ် (၁၇)၊ အောက်တိုဘာ ၂၅ ရက်၊ ၂၀၁၆



## မန္တလေး ကြံ့ခိုင်ရေးပါတီရုံး နိုင်ငံပိုင်အပ်ရေး တိုင်းလွှတ်တော်တွင် ထပ်တင်မည်

အောက်တိုဘာ ၂၂၊ ၂၀၁၆

မန္တလေးတိုင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတိုင်းရုံး အဆောက်ဦးနှင့် မြေနေရာကို တရားမဝင်လွှဲပြောင်းယူထားသည်ဟုဆိုကာ နိုင်ငံပိုင်အပ်နှံရန်အတွက် နောက်လာမည့် တိုင်းလွှတ်တော်တွင် ထပ်မံတင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ဒီမိုကရက်တစ် ပါတီ(မြန်မာ)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေက ပြောသည်။

ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ မြေနေရာကို ၂၀၀၂ ခုနှစ်တွင် သမဝါယမမှတဆင့် ကြံ့ခိုင်ရေးအသင်းသို့ တရားမဝင်လွှဲပြောင်းခဲ့သဖြင့် နိုင်ငံပိုင်အပ်နှံရန် စက်တင်ဘာလက ကျင်းပခဲ့သော ဒုတိယအကြိမ် မန္တလေးတိုင်း လွှတ်တော် အစည်းအဝေးတွင် မေးမြန်းခဲ့သော်လည်း တိုင်းစည်ပင်သာယာရေးဝန်ကြီး၏ တုန့်ပြန်ဖြေဆိုမှုအပေါ် ကျေနပ်မှုမရှိသဖြင့် လာမည့်တိုင်းလွှတ်တော်အစည်းအဝေးတွင် ထပ်မံတင်ပြရန် ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါရုံးနေရာနှင့် ပတ်သက်ပြီး ပိုင်ဆိုင်မှုအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေအတိုင်း လုပ်ထားပြီးဖြစ်သဖြင့် ပိုင်ဆိုင်မှုဂရန် ရရှိထားပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာအနေဖြင့်လည်း ဂရန်ပေးနိုင်လောက်သည့် အခြေအနေဖြစ်၍ ဥပဒေအတိုင်း ချပေးထားခြင်းဖြစ်ကြောင်းမန္တလေးတိုင်းကြံ့ခိုင်ရေးပါတီ၏ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောသည်။

*(ကိုးကား - http://burma.irrawaddy.com/)*

## သတင်းဓာတ်ပုံ

အောက်တိုဘာလ ၂၁ ရက်နေ့ကချင်ပြည်နယ် လွှတ်တော်တွင် ငြိမ်းချမ်းရေးနီးနှောဖလှယ်ပွဲ ကျင်းပနေစဉ်။

*(kachin state hluttaw facebook page)*



## သတင်းတို

■ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၁၆)ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသွားမည်။ ကိုယ်စားလှယ်များအနေဖြင့်လွှတ်တော်သို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ရေးရာကော်မတီလုပ်ငန်း ကိစ္စတို့ကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် mgyhluttaw@gmail.com ဆိုသော email လိပ်စာကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

*(ကိုးကား- bago region hluttaw facebook page မှ ကောက်နုတ်တင်ပြသည်။)*

■ ရခိုင်ပြည်နယ်အနောက်ဘက် နယ်စပ်မောင်တောမြို့နယ်တွင် ပေါ်ပေါက်နေသော အရေးကိစ္စများကို တိုင်ပင်ဆွေးနွေးရန်အတွက် ရခိုင်ပြည်နယ် လွှတ်တော်ကို အရေးပေါ် ခေါ်ယူလိုက်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား အောက်တိုဘာ ၂၁ ရက်နေ့ နောက်ဆုံးထား၍ စစ်တွေမြို့သို့ အရောက်လာရန် ခေါ်ဆောင်ထားပြီး လွှတ်တော်အစည်းအဝေးကို အောက်တိုဘာလ ၂၄ ရက် တနင်္လာနေ့တွင် စတင်မည်ဟု သိရသည်။

*(ကိုးကား- နိရဉ္စရာ http://www.bnionline.net မှ ကောက်နုတ်တင်ပြသည်။)*

# ရှမ်းပြည်နယ်လွှတ်တော်၌ သတင်းရယူမှုတွင် ကန့်သတ်ခွဲခြားဆက်ဆံ

အောက်တိုဘာလ ၁၂၊ ၂၀၁၆





ရှမ်းပြည်နယ် လွှတ်တော်အတွင်း၌ သတင်းမီဒီယာများ သတင်းရယူခွင့်ခက်ခဲပြီး ကန့်အသတ်ခွဲခြား ဆက်ဆံခံနေရကြောင်း လွှတ်တော်တွင်း သတင်းရယူနေသည့် သတင်းသမားအများစု ကပြောသည်။

အစိုးရမီဒီယာများဖြစ်သော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာန၊ မြဝတီ သတင်းဌာန၊ MRTV နှင့် Sky Net ရုပ်သံလိုင်း များသာ လွှတ်တော်စည်းအဝေးတွင်းသို့ သတင်းဗီဒီယိုများ ရိုက်ယူခွင့်ရှိပြီး လွတ်လပ်သည့် သတင်းမီဒီယာများ ဝင်ရောက်သတင်းရယူမှုမပေးသည့် ကန့်သတ်ခွဲခြားဆက်ဆံမှုဖြစ်သည်ဟု DVB သတင်းဌာန ခွန်ဇော်ဦးက ပြောသည်။

"ဘယ်လိုခက်ခဲလဲဆိုတော့ အစိုးရသတင်းမီဒီယာမဟုတ်တဲ့ လွတ်လပ်တဲ့ သတင်းမီဒီယာတွေမှာ သတင်းယူရတာ ဘယ်လိုလဲဆိုတာ ကျွန်တော်တို့အပြင်မှာ မိုးကာတဲနဲ့ထားတဲ့ကိစ္စတွေ၊ အဲဒီမိုးကာတဲမှာ TV တစ်လုံးနဲ့ အသံလည်းမကြည်ဘူး၊ ဆောင်းဘောက်စ်ကနေတဆင့် ကျွန်တော်တို့က သတင်းယူရတယ်။ ဓာတ်ပုံတွေလည်း ဝင်ရိုက်ခွင့်မရှိဘူး။ TV ကနေ ရိုက်ယူရလို့ ပုံတွေ ထွက်လာလည်း မကောင်းဘူး။ အဓိကသွားဖြစ်တာက ရုပ်သံမီဒီယာမှာသွားဖြစ်တယ်။ TV က အလင်းပြန်ရင် ရိုက်လို့မရတော့ဘူး။ အသံတွေကလည်း ဝါးတားတားနဲ့ ဘာတွေပြောလို့ ပြောမှန်းမသိတဲ့ အနေအထားတွေမှာရှိတယ်"ဟု ၎င်းကပြောသည်။

လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးကျော်သူဇော်က လွှတ်တော်၏ ဆောင်ရွက်ချက်နှင့် ဆွေးနွေးမှုများ ပြည်သူလူထုထံ ရောက်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို လွှတ်တော်အစည်းအဝေးတွင်းသို့ သတင်းယူရန် ခွင့်ပြုထားခြင်းဖြစ်ကြောင်း ပြောသည် ။

"သူတို့အဖွဲ့ကိုပဲ ဝင်ခွင့်ပြုတယ်ဆိုတာက လွှတ်တော်နေရာသည် အင်မတန်ကျဉ်းမြောင်းတယ်။ အပြင်က လာရောက်လေ့လာမယ့် နေရာလည်း မရှိဘူး။ နောက်အထဲမှာလည်း ရိုက်ကူးရေးအဖွဲ့တွေ ရိုက်တာတောင်မှ လွှတ်တော်ကိုယ်စားတွေအတွက် အာရုံနောက်စေတယ်"ဟု ပြောသည်။

သတင်းမီဒီယာ၏ နည်းဥပဒေတွင်ပါရှိသည့် အခန်း(၉) သတင်းအချက်လက် ရယူခွင့်မှာ သတင်းမီဒီယာသမားများသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) ပါ အများပြည်သူသိခွင့်ရှိသော သတင်းအချက်လက်များကို တောင်းခံရာတွင် သတင်းမီဒီယာသမား သက်သေခံကဒ်ပြားပြသ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်နှင့် အမှန်တကယ်ကျသင့်သည့် အဖိုးအခမှလွဲ၍ အခြားအပိုဆောင်းစားရိတ်များ၊ အဖိုးအခများပေးရန်မလိုဘဲ တောင်းယူကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ရှိသည်ဟု ဖော်ပြထားသည်။

*(ကိုးကား - သျှမ်းသံတော်ဆင့် http://www.bnionline.net/)*



## သတင်းဓာတ်ပုံ

အောက်တိုဘာလ ၂၁ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပနေစဉ်။ တိုင်းဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ နယ်/လုံဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

*(sagaing region information page)*

# မီးပွိုင့်ထိန်းချုပ်ရေးစင်တာနှင့် ပတ်သက်၍ တိုင်းလွှတ်တော်တွင် မေးခွန်းထုတ်

အောက်တိုဘာလ ၂၁၊ ၂၀၁၆

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကိုဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်သည့် မီးပွိုင့် ၁၅၄ ခုအား နည်းပညာပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ထိန်းချုပ်ရေးစင်တာ ထိန်းချုပ်စင်တာဖွင့်လှစ်အသုံးပြုနိုင်ရေးကို တိုင်းဒေသကြီးအစိုးရက ဩဂုတ်လကုန်တွင် စတင်နိုင်မည်ဟု ပြောကြားခဲ့သော်လည်း ယနေ့ထိတိုင် လုပ်ငန်းများ မပြီးပြတ်သေးသည့်အတွက် ဝေဖန်မှုများလည်း ရှိနေခဲ့သည်။

အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က လုပ်ငန်းများ ကြန့်ကြာနေမှုများသည် လုပ်ပိုင်ခွင့်ရရှိထားသော ကုမ္ပဏီ၏ ငွေကြေးအခြေအနေကြောင့် ဟုတ်၊ မဟုတ်ကို လွှတ်တော်တွင် မေးခွန်းထုတ်ခဲ့ပြီး မြို့တော်ဝန် ဦးမောင်မောင်စိုးက အောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော လွှတ်တော်အစည်းအဝေးတွင် မည်သည့်အကြောင်းကြောင့် ကြန့်ကြာနေသည်ကို ပြန်လည်စိစစ်ကာ ပြည်သူကိုအသိပေးသွားမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

"ပြည်သူတွေက ယာဉ်ကြောပိတ်ဆို့မှုကို မဖြေရှင်းပေးနိုင်တဲ့အတွက်မှာ မေးခွန်းများစွာထုတ်နေပါတယ်။ ဒီပြဿနာက ဩဂုတ်လအကုန်မှာ ပြီးမယ်လို့ ထင်ခဲ့ကြပါတယ်။ ဘာလို့မပြီးတာလဲ။ လူကြီးတွေက မပြီးမှန်းအစောကြီးသိရင် ဘာလို့ ဒီအချိန်ဒီကာလမှာ ပြီးမယ်လို့ လွယ်လွယ်ပြောခဲ့တာလဲ။ လူထုက အပြောင်းအလဲကာလကို တော်တော်မျှော်လင့်ချက်ကြီးပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က ပြောသည်။

မီးပွိုင့် ၁၅၄ ခုအား နည်းပညာပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ထိန်းချုပ်ရေးစင်တာတို့အတွက် ငွေကျပ် ၃၈ ဒသမ ၉၂ ဘီလျံကျပ် အကုန်အကျခံ ဆောက်လုပ်နေကြောင်း အစိုးရအဖွဲ့မှ သိရသည်။

*(ကိုးကား - http://myanmar.mmtimes.com/)*

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီ | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေကြမ်း ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၂။ | ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၃။ | တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၄။ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၅။ | လူမှုရေးနှင့် စီမံခန့်ခွဲရေး ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၆။ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၇။ | တိုင်းဒေသကြီးအစိုးရ၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၈။ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၉ ။ | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောရေးရာကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၁၀။ | ပြည်သူ့ငွေစာရင်း ကော်မတီ | ၉ | ၂ | _ | ၁၁ |

ဒုတိယအကြိမ် ရေဂုတီတိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီ | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁။ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၇ | ၃ | _ | ၁၀ |
| ၂။ | တိုင်းရင်သားလူမျိုးများအရေးဆိုင်ရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ | ၇ | ၂ | _ | ၉ |
| ၄။ | ပြည်သူတို့၏ တင်ပြစာ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ | ၁၁ | ၂ | _ | ၁၃ |
| ၅။ | တရားစီရင်ရေး၊ ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ၁၀ | ၃ | ၂ | ၁၅ |
| ၆။ | ဥပဒေစိစစ်ရေးကော်မတီ | ၁ | _ | ၈ | ၉ |
| ၇။ | ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၈။ | စိုက်ပျိုးမွေးမြူရေး၊ ဆည်မြောင်းနှင့် သယံဇာတရေးရာ ကော်မတီ | ၁၂ | ၂ | ၁ | ၁၅ |
| ၉ ။ | စွမ်းအင်၊ ဆက်သွယ်ရေး၊ စက်မှုလက်မှုနှင့် ဆောက်လုပ်ရေးရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၁၀။ | သာသနာရေး၊ စည်ပင်သာယာရေးနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီ | ၉ | ၂ | _ | ၁၁ |
| ၁၁။ | လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရာ ကော်မတီ | ၉ | ၂ | _ | ၁၁ |

ကျန်တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများကို အလျဉ်းသင့်သလို ဆက်လက်ဖော်ပြပေးသွားပါမည်။ အချက်အလက်အရင်းအမြစ်-EMReF